၂၀၂၀ ပြည့်နှစ် မေလ

## အောင်မြင်မှု ခရီးလမ်း

# လူမှု-စီးပွားရေးကဏ္ဍတွင် မသန်စွမ်းသူများ အားလုံးပါဝင် အကျိုးခံစားခွင့် ရရှိစေခြင်း



*မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ နေအိမ်တွင် ဦးမင်းဇော်က အသစ်ထွက်ထားသည့် ခေါင်းလျှော်ရည် ပထမအသုတ်ကို ပြသနေစဉ်။*

အနာကြီးရောဂါကြောင့် အသက် ၂၈ နှစ်တွင် ခြေနှစ်ဘက်လုံး ဆုံးရှုံးခဲ့ရသည့် အသက် ၅၀ အရွယ် ဦးမင်းဇော်အတွက် သူရင်ဆိုင်ရသော စိန်ခေါ်မှုမှာ မသန်စွမ်းမှုတစ်ခုတည်း မဟုတ်ပါ။ မြန်မာနိုင်ငံတွင် အနာကြီးရောဂါခံစားရသူများအနေနှင့် လူမှုဝန်းကျင်၏ ရှောင်ဖယ်မှုကိုလည်း တွေ့ကြုံရပါသည်။ ၎င်းတို့အား လျစ်လျူရှုခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ ရှိသည့်အတွက် လူမှုဝန်းကျင်၏ လက်ခံမှုကို အပြည့်အဝ မရရှိကြပေ။

၂၀၁၉ နှစ်ဦးပိုင်းတွင် The Leprosy Mission Myanmar (TLMM) ၏ မသန်စွမ်းသူများအတွက် အလုပ်အကိုင်ရှာဖွေ မိတ်ဆက်ပေးသူများ အဖွဲ့ဝင် ဦးရမ်ဘိုနှင့် ဦးစိုးလွင်အောင်တို့က မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ ဦးမင်းဇော်၏ အိမ်သို့ ရောက်လာကြပြီး ဆပ်ပြာလုပ်သည့် သင်တန်း တက်ရောက်ရန် ဖျောင်းဖျခဲ့ကြသည်။

UK aid ၏ ရန်ပုံငွေနှင့် DaNa Facility က ပံ့ပိုးထားသော TLMM စီမံကိန်းက သင်တန်းကို စီစဉ်ပေးခြင်း ဖြစ်သည်။ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းရှိ မသန်စွမ်းသူများ အားလုံးပါဝင်နိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် စီမံကိန်းက ပံ့ပိုးပေးလျက် ရှိပါသည်။

အလုပ်အကိုင် ရှာဖွေမိတ်ဆက်သူ အဖွဲ့ဝင်များက မသန်စွမ်းသူများကို အလုပ်အကိုင်ရရှိရန် လမ်းညွှန်ပေးပြီး သက်မွေးသင်တန်းကျောင်းများ

*"ဆပ်ပြာလုပ်ငန်းက အပိုဝင်ငွေရဖို့ အခွင့်ကောင်းတစ်ခုလို့ ထင်တယ်၊ နောက်ပြီး ကျွန်တော့် မိသားစုအတွက် ပိုက်ဆံကူရှာပေးနိုင်မယ်။"*

နှင့်လည်း ချိတ်ဆက်ပေးပါသည်။ ထို့အပြင် စီမံကိန်းက ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေး နည်းလမ်းများ ရေးဆွဲခြင်းကိုလည်း ပံ့ပိုးပေးပြီး မသန်စွမ်းသူများအနေနှင့် ၎င်းတို့၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို သိမြင်လာစေမည့် ပညာပေးကဏ္ဍများလည်း ပြုလုပ်ပေးပါသည်။

"မိသားစုအတွက် အပိုဝင်ငွေရလို့ ဆပ်ပြာလုပ်နည်းသင်တန်းကို စိတ်ဝင်စားပါတယ်။" ဟု ဦးမင်းဇော် ကပြောပါသည်။

ဦးမင်းဇော်၏ မိသားစုမှာ ယက်ကန်းစက်ရုံတွင် အလုပ်လုပ်နေသော သူ့အမျိုးသမီး၏ ဝင်ငွေအပေါ်တွင် မှီခိုနေရသည်။ သူမ၏ နေ့စဉ်လုပ်ခမှာ ၃,၅၀၀ ကျပ် ဖြစ်ပြီး စားလောက်ရုံသာဖြစ်၍ ကျန်းမာရေး ပြဿနာများရှိသည့်အခါ ချေးငှားရသောကြောင့် မိသားစု နေ့စဉ်လိုအပ်ချက်များကို ဖြည့်တင်းရန်အတွက် ရုန်းကန်နေရပါသည်။

၂၀၁၉ ဖွန်တွင် သင်တန်း တက်ရောက်ပြီးနောက် ဦးမင်းဇော်သည် အိမ်တွင် ဆပ်ပြာ စတင်လုပ်ကိုင်ခဲ့ပြီး သူ့အိမ်နှင့် အိမ်နီးချင်း၏ ဆိုင်တွင် ရောင်းချလျက် ရှိသည်။ ဆပ်ပြာရောင်းခြင်းမှ လက်ရှိ တစ်ပတ်လျှင် ၁၅,၀၀၀ -၂၄,၀၀၀ ကျပ် ဝင်ငွေရရှိနေပါပြီ။

လက်ရှိတွင် ဦးမင်းဇော်က ဆပ်ပြာလုပ်ငန်းကို တိုးချဲ့လျက် ရှိပါသည်။ စီမံကိန်း၏ အထောက်အပံ့ဖြင့် ခေါင်းလျှော်ရည်နှင့် မျက်နှာသစ်ဆေး အစရှိသည့် ကုန်ပစ္စည်းများကိုပါ တနိုင်တပိုင် ထုတ်လုပ်သွားဖို့ စီစဉ်နေပါသည်။

ဦးမင်းဇော်၏ ကြိုးပမ်းအားထုတ်မှုသည် သီးခြားဖြစ်စဉ်တစ်ခု မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ လူမှုစီးပွားရေးကဏ္ဍတွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို ကာကွယ်ပေးခြင်းက စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို လူတိုင်း လက်လှမ်းမီ ရရှိစေပြီး ဂုဏ်သိက္ခာနှင့် လေးစားမှုတို့ ထားရှိသည့် ကောင်းမွန်သော လူမှုဝန်းကျင်အတွက် အရေးကြီးပါသည်။

May 2020

**SUCCESS STORY:**

# People with Disabilities Exercise Their Right to Social and Economic Inclusion



*U Min Zaw displaying a fresh batch of shampoo at his home in Amarapura Township, Mandalay*

When U Min Zaw, 50, lost both legs to leprosy at 28, his disability wasn't the only challenge he faced. In Myanmar, people affected by leprosy have to overcome social stigma. They suffer ignorance and discrimination, which prevents them from being fully accepted by society.

When U Rambo and U Soe Lwin Aung – Job Placement Coaches at the Leprosy Mission Myanmar (TLMM) – visited U Min Zaw's home in Amarapura Township, Mandalay in early 2019, they persuaded him to attend a training course on soap-making.

The course was organised by a TLMM project implemented with support from the UK aid-funded DaNa Facility. The project provides inclusive employment opportunities for PwDs in Yangon, Bago, and Mandalay.

The project provides coaching for people with disabilities through its Job Placement Coaches and creates links with vocational training centres. In addition to training, the project supports the design and production of adapted agricultural tools, and organises awareness-raising sessions for people with disabilities on their legal rights.

*"It was a good chance to make additional income and I believed it would enable me to contribute some money to my family."*

"I was interested in the soap-making training. It seemed like a good chance to make additional income and I believed it would enable me to contribute some money to my family," said U Min Zaw.

U Min Zaw's family were dependent on his wife's income from her job at a weaving factory. Although her daily wage of 3,500 kyats (£2) was usually enough to get by, health issues had forced them to borrow and they were struggling to meet their daily needs.

After attending the training course in June 2019, U Min Zaw started making soap at home. He currently earns between 15,000-24,000 kyats (£8.75-£14) per week, selling the soap at his house and at a neighbour's shop.

U Min Zaw is expanding the business. He has decided to increase production, and with support from the project has added shampoo and facial foam to his line of products.

U Min Zaw's story is not an isolated one; it is part of a much bigger picture. Safeguarding the right of people with disabilities to engage in economic and cultural life is essential for a healthy society – a society in which everyone has equal access to economic resources and opportunities, and is treated with dignity and respect.